ဆွေးနွေးချက် မှတ်စု

မြန်မာနိုင်ငံ၏ သစ်တောဥပဒေ (၂၀၁၈) နှင့် သစ်တောနည်းဥပဒေမူကြမ်းတွင် ဓလေ့ထုံးတမ်းဆိုင်ရာ လုပ်ကိုင်ပိုင်ဆိုင်ခွင့်များကို ကာကွယ်ခြင်းနှင့် အားပေးမြှင့်တင်ခြင်း

Julia Fogerite မှပြုစုရေးသားသည်။

ဒီဇင်ဘာ ၂၀၁၉

နိဒါန်း

မြန်မာနိုင်ငံအနှံ့အပြားတွင် မှီတင်းနေထိုင်ကြသည့် လူ့အဖွဲ့အစည်းများသည် ၎င်းတို့၏ အသက်မွေးဝမ်းကြောင်း၊ အစားအစာ လုံခြုံမှု၊ ယဉ်ကျေးမှု နှင့် အမျိုးသား လက္ခဏာများအတွက် သစ်တောများကို ဓလေ့ထုံးတမ်းဆိုင်ရာ လုပ်ကိုင်ပိုင်ဆိုင်ခွင့် စနစ်များဖြင့် စီမံခန့်ခွဲကြသည်။ သို့သော် သစ်တောဥပဒေနှင့် သစ်တောနည်းဥပဒေများတွင် ဓလေ့ထုံးတမ်းဆိုင်ရာ လုပ်ကိုင်ပိုင်ဆိုင်ခွင့်များကို လုံလောက်စွာ အသိအမှတ် ပြုထားခြင်းမရှိပါ။ မူဝါဒ၊ ဥပဒေနှင့် အလေ့အကျင့်များတွင် ဓလေ့ထုံးတမ်းဆိုင်ရာ လုပ်ကိုင်ပိုင်ဆိုင်ခွင့်များကို အသိအမှတ်ပြုရန် အလွန်အရေးပါသည်။ ထို့သို့ပြုလုပ်ခြင်းအားဖြင့် လူ့အဖွဲ့အစည်းများအနေဖြင့် စီးပွားရေးဖွံ့ဖြိုး တိုးတက်မှု၊ ရာသီဥတုပြောင်းလဲမှုများကို လျှော့ချရန် နှင့် သင့်တင့်စွာပြုမူနေထိုင်နိုင်ရန်၊ နှင့် ဇီဝမျိုးကွဲများကို ထိန်းသိမ်းရန်အတွက် အသက်တမျှအရေးပါသည့် သစ်တောများကို ကာကွယ်ခြင်းနှင့် ရေရှည်တည်တံ့ခိုင်မြဲစေရန်စီမံခန့်ခွဲမှုများကို ဆက်လက်ပြုလုပ်နိုင်မည် ဖြစ်သည်။
၁၉၉၄ သစ်တောဥပဒေကို ၂၀၁၈တွင် ပြင်ဆင်ခဲ့ပြီး၊ ယခုအခါ သစ်တောနည်းဥပဒေသစ်နှင့် ပက်သက်၍ ဆွေးနွေးညှိနှိုင်းရေးဖြစ်စဉ်ကို ပြုလုပ်လျှက်ရှိသည်။ နည်းဥပဒေများသည်ဥပဒေကိုမည်သို့အကောင်အထည်ဖော်မည်ကို ရှင်းလင်းဖော်ပြပေးသည်။ သစ်တောဦးစီးဌာနနှင့် ၎င်း၏ စီစဉ်သူအဖွဲ့တို့သည် တိုင်းနှင့်ပြည်နယ် (၁၄) ခုတွင် ဆွေးနွေးညှိနှိုင်းမှုများကို ပြုလုပ်ခဲ့သည်။ အရပ်ဖက်အဖွဲ့အစည်း များမှလည်း ဒေသခံ လူ့အဖွဲ့အစည်းများနှင့် တွေ့ဆုံပြီး ဥပဒေကို ပြန်လည် သုံးသပ်ခြင်းနှင့် နည်းဥပဒေများအတွက် အကြံပြုခြင်းများပြု လုပ်ရန်အတွက် ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ခဲ့သည်။ ဤအကြံပြုချက်များပါဝင်သည့် အစီရင်ခံစာကို သစ်တောဥပဒေနှင့် နည်းဥပဒေကို အသေးစိတ်စီစစ်ခြင်း၊ သစ်တောဦးစီးဌာနမှ ပြည်နယ်နှင့်တိုင်းများတွင် ပြုလုပ်ခဲ့သည့် ဆွေးနွေးညှိနှိုင်းပွဲများ၏ ဆွေးနွေးချက်မှတ်တမ်းများ၊ အရပ်ဖက်အဖွဲ့အစည်းများနှင့် ကယား၊ချင်း၊ရှမ်း၊ကရင်၊ ကချင်ပြည်နယ်နှင့် တနင်္သာရီတိုင်းများရှိ လူ့အဖွဲ့အစည်းများမှ တင်ပြလာသည့် အကြံပြုချက်များနှင့် CHRO၊ RECOFTC ၊ SHANAH ၊ KMSS-Loikaw နှင့် OneMap

အပါအဝင် ပညာရှင်များနှင့် တွေ့ဆုံမေးမြန်းမှုများအပေါ်တွင် အခြေခံပြုစုထားသည်။
ဤအစီရင်ခံစာတွင် ဓလေ့ထုံးတမ်းဆိုင်ရာ လုပ်ကိုင်ပိုင်ဆိုင်ခွင့်များကို ပိုမိုကောင်းမွန်စွာ အသိအမှတ်ပြုနိုင်ရန်နှင့် ဆွေးနွေးညှိနှိုင်းမှုဖြစ်စဉ်တလျှောက်တွင် တောင်းဆိုခဲ့သည့်ပြုပြင်ပြောင်းလဲရေးများကို ပြုလုပ်နိုင်ရန်အတွက် လိုအပ်သည့် သစ်တောဥပဒေနှင့် သစ်တောနည်း ဥပဒေများဆိုင်ရာ အဓိကအကြံပြုချက်များကို အနှစ်ချုပ်တင်ပြထားသည်။

အားလုံးအကျုံးဝင်သည့် သစ်တောဥပဒေ ဖြစ်ပေါ်လာရန် နည်းလမ်းများ

ဆွေးနွေးညှိနှိုင်းမှုဖြစ်စဉ်တလျှောက်တွင် အရည်အသွေးကျဆင်းလာသည့် မြန်မာ့သစ်တောများကို ကာကွယ်ရန်အတွက် စီမံအုပ်ချုပ်သည့်စနစ်ကို ပြုပြင်ပြောင်းလဲရန် အကြံပြုချက်များတွင် သစ်တောဥပဒေ (၂၀၁၈) ကို ပြုပြင်ပြောင်းလဲရန် အရေးပေါ် လိုအပ်ကြောင်း ရှင်းလင်းစွာ ဖော်ပြထားသည်။ သစ်တောဥပဒေကို ပြန်လည်ပြင်ဆင်ခြင်းမပြုလုပ်ပါက သစ်တောနည်းဥပဒေများ (မူကြမ်း) ကို ပြင်ဆင်ခြင်းသည် ဓလေ့ထုံးတမ်းဆိုင်ရာ သစ်တော လုပ်ကိုင်ပိုင်ဆိုင်ခွင့်ကို အသိအမှတ်ပြုရန် ကြိုးပမ်းမှုတွင် အနည်း ငယ်သာ အကျိုးသက်ရောက်မှုရှိမည်ဖြစ်သည်။ ပြန်လည်ပြင်ဆင်သည့် ဖြစ်စဉ်တွင် တိုင်းရင်းသားများ နှင့် ဒေသခံလူမှုအဖွဲ့အစည်းများအားလုံးပါဝင်ပြီး ဥပဒေကိုရေးဆွဲရန် လိုအပ်သည်။ ဥပဒေပြင်ဆင်ရာတွင် ပုဒ်မတစ်ခုပြီးတစ်ခု ဆွေးနွေးပြင်ဆင်ခြင်းထက် လမ်းညွှန်မှုများချမှတ်ပြီး၊ ထိုမူများအပေါ်အခြေခံ ပြင်ဆင်ခြင်းသည်ပိုမိုထိရောက်သည့်လမ်းစဉ်ဖြစ်ကြောင်းအကြံပြုထားသည်။

သစ်တောဥပဒေကို ဆွေးနွေးညှိနှိုင်းခြင်းဖြစ်စဉ်တွင် အဓိကတွေ့ရှိရသည့် လေ့လာမှုများနှင့် အကြံပြုချက်များမှာ အောက်ပါအတိုင်းဖြစ်သည်။

သစ်တောဥပဒေကို အမျိုးသားမြေယာအသုံးချမှုဝါဒနှင့်သဟဇာတရှိအောင်ပြုလုပ်ရန်-သစ်တောဥပဒေ ကို အမျိုးသား မြေယာအသုံးချမှု မူဝါဒနှင့် အမျိုးသားမြေယာ အသုံးချမှု ကောင်စီမှ ဖော်ဆောင်လာမည့် အားလုံးကို ခြုံငုံပေးနိုင်မည့် မြေယာဥပဒေ နှင့် သဟဇာတရှိအောင် ပြင်ဆင် ရမည်။ အမျိုးသား မြေယာအသုံးချမှု မူဝါဒတွင် ဓလေ့ထုံးတမ်းဆိုင်ရာ လုပ်ကိုင်ပိုင်ဆိုင်ခွင့် နှင့် လွတ်လပ်၊ ကြိုတင်၊အချက်အလက်သိရှိပြီးနောက် သဘောတူညီခြင်း အခွင့်အရေး (FPIC) နှင့် မြေယာစီမံခန့်ခွဲရာတွင် အမျိုးသားနှင့်အမျိုးသမီးများ ပါဝင်ခွင့်ကို ပြဋ္ဌာန်းထားသည် ။ ဓလေ့ထုံးတမ်းဆိုင်ရာ လုပ်ကိုင်ပိုင်ဆိုင်ခွင့်များကိုအသိအမှတ်ပြုရာတွင် စီမံခန့်ခွဲခြင်းဆိုင်ရာ ဆုံးဖြတ်ချက်များ လုပ်ပိုင်ခွင့် အပါအဝင် ဒေသခံများ၏ ဓလေ့ထုံးတမ်းဆိုင်ရာ လုပ်ကိုင်ပိုင်ဆိုင်ခွင့်နှင့် ဓလေ့ထုံးတမ်းအရ သစ်တောစီမံခန့်ခွဲမှုများကို အသိအမှတ်ပြုပါ။ တည်ဆဲ ဓလေ့ထုံးတမ်းဆိုင်ရာ စီမံအုပ်ချုပ်မှုများကို အားပေးရန်အတွက် သစ်တောများ၊ စိုက်ပျိုးရေးမြေများ၊ ရေအရင်းအမြစ်နှင့် အခြားသော သဘာဝအရင်းအမြစ်များကို ပေါင်းစပ် ထားသည့် ဓလေ့ထုံးတမ်းဆိုင်ရာ လုပ်ကိုင်ပိုင်ဆိုင်ခွင့် ကို အသိအမှတ်ပြုရန် အလွန်အရေးပါသည်။ ဓလေ့ထုံးတမ်းဆိုင်ရာ သစ်တောများနှင့် အခြားမြေ အသုံးချမှုများကို မတူညီသော မြေအမျိုးအစားများ နှင့် ဝန်ကြီးဌာနများ အကြား ခွဲခြားထားခြင်းမျိုးမဖြစ်စေရန် လိုအပ်သည်။

ဒေသခံလူ့အဖွဲ့အစည်းများ၏ အမြင်များကို အခြေပြုရမည်- သစ်တောများကို ဓလေ့ထုံးတမ်းစနစ်များဖြင့် စီမံခန့်ခွဲကြသည့် ဒေသခံ လူအဖွဲ့အစည်းများ (သို့) ဌါနေတိုင်းရင်းသားများ၏ ရှင်သန်မှု၊ တန်ဖိုးများ (သို့) ဦးစားပေးချက်များကို တည်ဆဲဥပဒေများတွင် ဖော်ဆောင်ခြင်းမရှိပါ။ ရေရှည်တည်တံ့ခိုင်မြဲနိုင်မည့် အသက်မွေးဝမ်းကြောင်းကို ဦးစားပေး သင့်သည်- သစ်တောဥပဒေသည် စီးပွားရေးအကျိုးအတွက် သစ်တောစီမံခန့်ခွဲခြင်းနှင့် သစ်တောအရင်းအမြစ်များကို ထုတ်ယူခြင်း များထက် ရေရှည်တည်တံ့ခိုင်မြဲပြီး ဒေသခံများ၏ အသက်မွေး ဝမ်းကြောင်း၊ ယဉ်ကျေးမှုနှင့် လက္ခဏာများကို ထိန်းသိမ်းကာ ကွယ်ခြင်းကို ပိုမိုဦးစားပေး လုပ်ဆောင်ရန် လိုအပ်သည်။

သစ်တောစီမံအုပ်ချုပ်ရေး မြှင့်တင်ခြင်း- သစ်တောစီမံအုပ်ချုပ်ရေးပိုမိုကောင်းမွန်လာစေရန် ရေရှည်တည်တံ့ခိုင်မြဲရေး စီမံခန့်ခွဲမှု၊ ပွင့်လင်းမြင်သာမှု၊ ကြီးကြပ်ကွပ်ကဲမှု၊ တာဝန်ခံမှု တာဝန်ယူမှု နှင့် မကျေနပ်မှုများကို ဖြေရှင်းပေးနိုင်မည့် ပြဋ္ဌာန်းချက်များကို ထည့်သွင်းရမည်။

သစ်တောပိုင်နက်များတွင် လုပ်ကိုင်ပိုင်ဆိုင်ခွင့်များ ပေးအပ်ခြင်း- ဓလေ့ထုံးတမ်းဆိုင်ရာ စီမံခန့်ခွဲမှုများအပါအဝင် သင့်လျော်မှုမရှိဘဲ ကြိုးဝိုင်းတောများ (သို့) ကြိုးဝိုင်းပြင်ပြတောများ အဖြစ် သတ်မှတ်ခြင်း ခံခဲ့ရသည့် လူ့အဖွဲ့အစည်းများနှင့် ပုဂ္ဂိုလ်များ၏ ကျေးရွာများ၊ စိုက်ပျိုးမြေများ၏ လုပ်ကိုင်ပိုင်ဆိုင်ခွင့် အာမခံချက်များပေးရမည်။

မြေယာအခွင့်အရေးများအားပြန်လည်ပေးအပ်ခြင်း- မြေယာလုပ်ကိုင်ပိုင်ဆိုင်ခွင့်များကို အခွင့်အရေးများမရရှိခဲ့သည့် လူ့အဖွဲ့အစည်းများ နှင့် ပုဂ္ဂိုလ်များပြန်လည်ပေးအပ်ရမည် ဖြစ်ပြီး စစ်ရှောင်များနှင့် စစ်ဘေးဒုက္ခသည်များသည် ၎င်းတို့၏ ဓလေ့ထုံးတမ်းဆိုင်ရာ မြေယာများကို ပြန်လည်လုပ်ကိုင်နိုင်ရန် လမ်းညွှန်ပေးရမည်။ ထို့ အခွင့်အရေးများကို ကာကွယ်ရန်အတွက် ကောင်းမွန်သည့် မှတ်ပုံတင်ခြင်းများ ထားရှိရမည်။

ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်း - ဗဟိုချုပ်ကိုင်မှု လျှော့ချသည့် သစ်တောစီမံခန့်ခွဲမှုကို မြှင့်တင်ရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား (၂) တွင် ခွင့်ပြုထားသည့်အတိုင်း သစ်တောစီမံခန့်ခွဲရာတွင် ပြည်နယ်၊တိုင်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ၏ အခန်းကဏ္ဍ နှင့်တာဝန်ဝတ္တရားများကို အသိအမှတ်ပြုပြီး လည်း သစ်တောဥပဒေတွင် ထည့်သွင်းသင့်သည်။ အနာဂါတ်တွင် ပေါ်ပေါက်လာမည့် ပြည်နယ်နှင့်တိုင်း ဥပဒေများနှင့် ပေါင်းစပ်လိုက်လျောညီထွေမှုရှိစေနိုင်မည့် မူဘောင်တစ်ရပ် ဖော်ဆောင်သင့်သည်။ သစ်တောစီမံခန့်ခွဲမှုဆိုင်ရာ ဆုံးဖြတ်ချက်ချမှုများကို ဒီမိုကရေစီပြုခြင်း - တာဝန်ခံမှု၊တာဝန်ယူမှု နှင့် ပွင့်လင်းမြင်သာမှု ပိုမိုကောင်းမွန် လာစေရန် အတွင် ရွေးကောက်တင်မြှောက်ထားသည့် ကိုယ်စားလှယ်များဖြင့် ခေါင်းဆောင်မှု၊ ဆုံးဖြတ်ချက်ချခြင်းကိုဖွဲ့စည်းပြီး နှင့် မြို့နယ်၊ ခရိုင်ကော်မတီများကို ကြီးကြပ်ကွပ်ကဲစေရမည်။

သစ်တောစီမံခန့်ခွဲရန်အတွက် အမျိုးမျိုးသော နည်းလမ်းများ- သစ်တောဥပဒေတွင် အစုအဖွဲ့ပိုင် သစ်တောများကို အသိအမှတ်ပြုထားသော်လည်း လူထုဦးဆောင်ပါဝင်သည့် သစ်တောစီမံ ခန့်ခွဲမှုနှင့် ပေါ်ပေါက်လာစေရန်အတွက် နှင့် ဓလေ့ထုံးတမ်းဆိုင်ရာလုပ်ကိုင်ပိုင်ဆိုင်ခွင့်ကို အသိအမှတ်ပြုရန်အတွက် အခြားသောနည်းလမ်းများ လိုအပ်သည်။ အခွင့်အရေး နှင့် တာဝန်ဝတ္တရားများကို သတ်မှတ်ခြင်း- ဒေသခံများ သစ်တောစီမံခန့်ခွဲမှုများတွင် ပါဝင်ရန်၊ သစ်တောများကို ကာကွယ်ရန်၊

[1] ဤဆွေးနွေးမှုမှတ်စုအတွက်သုတေသနတွင်ပြန်လည်ပြင်ဆင်ထားသောသစ်တောဥပဒေ (2019) အရအသစ်သောသတင်းအချက်အလက်များမပါ ဝင်ပါ။
[2] Maurand (၁၉၄၃) ပြင်သစ် - အင်ဒိုချိုင်းနားအစီရင်ခံစာ၊ DoF (၂၀၀၅) ဗီယက်ကျင်းရှိလာအိုနိုင်ငံရှိသစ်သားစွမ်းအင်အခြေအနေ။

မကျေနပ်ချက်များကို မှတ်တမ်းတင် ဖြေရှင်းရန် နှင့် လွတ်လပ်သော စောင့်ကြည့်လေ့လာခြင်း နှင့် သစ်တောစီမံခန့်ခွဲမှုများပြုလုပ်နိုင်ရန် အတွက် အခွင့်အရေးနှင့်တာဝန်ဝတ္တရားများကို ဥပဒေတွင် ပြဋ္ဌာန်းထားရမည်။

သီးခြားစည်းမျဉ်းများ -စီးပွားဖြစ် နှင့် စီးပွားဖြစ်မဟုတ်သော အသုံးချမှုဆိုင်ရာ ပြဋ္ဌာန်းချက်များကို ဥပဒေတွင် သီးခြားဖော်ပြပါ။ သစ်မှနှင့် သစ်မှ မဟုတ်သော အခြား သစ်တောထွက်ပစ္စည်းများနှင့် ပက်သက်၍ စည်းမျဉ်း များကို သီးခြားအခန်းများတွင် ဖော်ပြပါ။

ကြိုးဝိုင်းတော၊ ကြိုးပြင်ပကာကွယ်တောတွင် မပါဝင်သည့် ကျန်ရှိနေသေးသော သစ်တောနယ်နိမိတ် အများစုမှာ ပဋိပက္ခဖြစ်ပွား ရာဒေသတွင် ဖြစ်ပြီး၊ NCAတွင် အကျုံးဝင်သောကြောင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများအပါအဝင် အခြားသောကိစ္စရပ်များအတွက် လက်မှတ်ရေးထိုးထားသည့် လက်နက်ကိုင်များနှင့် စေ့စပ်ညှိနိုင်းရန်လိုအပ်သည်။ သစ်တောဥပဒေ၊ ကြိုးဝိုင်းတော၊ ကြိုးပြင်ပကာကွယ်တောနယ်မြေသတ်မှတ်ခြင်း (သို့) သစ်ထုတ်လုပ်ရန် ခွင့်ပြုခြင်း (သို့) စိုက်ပျိုးရန် ခွင့်ပြုခြင်းများပြုလုပ်ရန်အတွက် ဒေသများ(သို့) NCA လက်မှတ်ရေးထိုးထားသူများနှင့် ကြိုတင်သဘော တူညီမှုရယူသင့်သည်။

သစ်တောဥပဒေမူကြမ်း ပြင်ဆင်ရန် အကြံပြုချက်များ

အောက်ပါအခန်းတွင် သစ်တောနည်းဥပဒေတွင် ပြုပြင်ရန်လိုအပ်သည့် နေရာများကို အကြံပြုထားသည်။

(၁) လွတ်လပ်၊ ကြိုတင်၊ အချက်အလက်သိရှိပြီးနောက် သဘောတူညီခြင်း (FPIC)။

နိုင်ငံတကာ ကြေညာစာတမ်းများနှင့်စံနှုန်းများအရဌာနေတိုင်းရင်းသားများနှင့် ဒေသခံ လူ့အဖွဲ့အစည်းများ၏ အခွင့်အရေးဖြစ်သည့် လွတ်လပ်၊ ကြိုတင်၊ အချက်အလက်သိရှိပြီးနောက် သဘောတူညီခြင်း (FPIC) ကို ၎င်းတို့၏ ရှင်သန်မှုနှင့် ဓလေ့ထုံးတမ်းအရ စီမံခန့်ခွဲမှုများပြုလုပ်သည့် မြေများအပေါ် အကျိုးသက်ရောက်မှုရှိသည့် သစ်ထုတ်လုပ်ခြင်းနှင့် စိုက်ပျိုးခြင်းအပါအဝင် မည်သည့်ဖွံ့ဖြိုးတိုးတက်ရေး နှင့် စီးပွားရေး လုပ်ငန်းများတွင် ထည့်သွင်း ကျင့်သုံးရန်ဖြစ်သည်။

FPICနှင့်အားလုံးပါဝင်သည့်မြေယာအသုံးချမှုစီမံရေးကိုသစ်တောဥပဒေနှင့် နည်းဥပဒေတွင် ပေါင်းစပ်ဖော်ဆောင်ရာတွင် အမျိုးသားမြေယာ အသုံးချမှု မူဝါဒ နှင့် သဟဇာတ ပြုရန်လိုအပ်သည်။ တိုင်းရင်းသားအခွင့်အရေး ဥပဒေ (အခန်း ၄၊ ပုဒ်မ ၅)၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ရေး (EIA) လုပ်ထုံးလုပ်နည်းများ၊ အမျိုးသား သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး မူဝါဒဆိုင်ရာ မဟာဗျူဟာမူဘောင်၊ နိုင်ငံအဆင့် ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ မဟာဗျူဟာနှင့် လုပ်ငန်းစီမံချက် တို့တွင် လည်း FPIC လုပ်ထုံးလုပ်နည်းများပါဝင်သည်။ အထူးသတိပြုဖွယ် အချက်များအနေဖြင့် ဆုံးဖြတ်ချက်ချမှတ်ရာတွင် အကျိုးသက်ရောက်မှု ခံစားရမည့် လူထု၏ သတင်းအချက်အလက်သိရှိခွင့်၊ ဆွေးနွေးတိုင်ပင်ခွင့် နှင့် ပူးပေါင်းပါဝင်ခွင့် တို့ကို ဖော်ပြထားသည်။

FPIC သည် အသေးစိတ်စူးစမ်းလေ့လာရေးအတွက် အချိန်အကန့်အသတ် သတ်မှတ်ထားခြင်းမရှိသည့် ဖြစ်စဉ်တစ်ခုဖြစ်ရမည်ဖြစ်ပြီး ဓလေ့ထုံးတမ်းဆိုင်ရာ အဖွဲ့အစည်းများနှင့် စနစ်များအပါအဝင် ဒေသခံများ၏ သတ်မှတ်ထားသည့် တရားဝင်ဆုံးဖြတ်ချက်ချသည့် ဖြစ်စဉ်ကို သင့်လျော်သည့်အလိုက် လိုက်နာရမည်ဖြစ်သည်။ သတင်းအချက် အလက်များကိုဝေမျှရမည်ဖြစ်ပြီး အစိုးရနှင့် ဒေသခံများ အားလုံးပါဝင်သည့် ဆွေးနွေးမှုများအရ ဆုံးဖြတ်ချက်များချရမည်ဖြစ်သည်။ မြေယာပိုင်ဆိုင်ကြောင်း တောင်းဆိုမှုများသည်လည်း ဒေသခံလူ့အဖွဲ့အစည်း များမှသာ တောင်းဆိုခြင်းမျိုးမဟုတ်ဘဲ နယ်နိမိတ် သတ်မှတ်မှုများကို အမျိုးသား မြေအသုံးချမှုမူဝါဒ၏ လမ်းညွှန်မှုအတိုင်း အားလုံးပါဝင်သည့် အခင်းအကျင်း ဖြစ်စေရန် လုပ်ဆောင်ရမည်။

ကြိုးဝိုင်းသစ်တောများ နှင့် ကြိုးဝိုင်းပြင်ပ ကာကွယ်ရေးတော သတ်မှတ်ခြင်း (အခန်း ၂)၊ သစ်တောစိုက်ခင်းများ သတ်မှတ်ခြင်း (အခန်း ၅၊ နည်းဥပဒေ ၄၇)၊ ပုဂ္ဂလိကပိုင် စိုက်ခင်းများ သတ်မှတ်ခြင်း (အခန်း ၆) နှင့် စီးပွားဖြစ် သစ်ထုတ်လုပ်ခြင်းများ ခွင့်ပြုခြင်း (အခန်း ၇) များလုပ်ဆောင်ရာတွင် သစ်တောနည်းဥပဒေ၌ FPIC ကို ထည့်သွင်းကျင့်သုံးရမည်။ ဓလေ့ထုံးတမ်းဆိုင်ရာ လုပ်ကိုင်ပိုင်ဆိုင်ခွင့် စနစ်ဖြင့် ဒေသခံများမှ စီမံခန့်ခွဲ နေသည့် မြေယာများအပေါ်အကျိုးသက်ရောက်မှုရှိနိုင်မည့်အရာများ သို့မဟုတ်

[1]လွတ်လပ်၊ ကြိုတင်၊ အချက်အလက်သိရှိပြီးနောက် သဘောတူညီခြင်း (FPIC) သည် ဌာနေတိုင်းရင်းသားများနှင့် ဒေသခံ လူ့အဖွဲ့အစည်းများနှင့် ဆွေးနွေးမှုများပြုလုပ်ရာတွင် လိုက်နာရမည့် နိုင်ငံတကာစံနှုန်းအဖြစ် အသိအမှတ်ပြုထားပြီး ကုလသမ္မဂ္ဂ၏ ဌာနေတိုင်းရင်းသားများ အခွင့်အရေး ကြေညာချက်တွင်လည်း အသိအမှတ်ပြုထားသည်။ ထို့အလေ့အကျင့်ကို ဌာနေတိုင်းရင်းသားများ၊ဒေသခံများ နှင့် ၎င်းတို့၏ မြေယာများကို ထိခိုက်မှုရှိနိုင်သည့် လုပ်ငန်းများလုပ်ဆောင်ရာတွင် ၎င်းတို့၏ အခွင့်အရေးများကို အသိအမှတ်ပြုနိုင်ရန်အတွက် ကျင့်သုံးရမည့် အကောင်းဆုံးအလေ့အကျင့်အဖြစ်သတ်မှတ်ထားသည်။ ကုလသမ္မဂ္ဂ၏ ဌာနေတိုင်းရင်းသားများ အခွင့်အရေး ကြေညာချက် ကို ဖတ်ရှုပါ https://www.un.org/esa/socdev/unpfii/documents/DRIPS_en.pdf.

[2]အမျိုးသားမြေယာအသုံးချမှုမူဝါဒ ၂၀၁၆။ ဆုံးဖြတ်ချက်ချမှတ်ခြင်းနှင့် မြေယာအသုံးချမှုစီမံကိန်း ရေးဆွဲရာတွင် လူထုဆွေးနွေးပွဲနှင့် အားလုံးပါဝင်သည့် ချဉ်းကပ်မှုကို အသုံးပြုခြင်းသည် အခြေခံမူဖြစ်သည်။ အပိုင်း(၄) တွင် FPIC ကို အမျိုးသားမြေယာဥပဒေနှင့် မြေယာစီမံခန့်ခွဲမှုစနစ်တွင် အသုံးပြုရန် လမ်းညွှန်ထားသည်။ အပိုင်း (၅) တွင် ဒေသန္တရအဆင့်တွင် အားလုံးပါဝင်သည့် ချဉ်းကပ်မှုကို မြေယာအသုံးချမှုစီမံကိန်းရေးဆွဲရာနှင့် မြေယာအသုံးချမှုစီမံကိန်းများကို အကောင်အထည်ဖော်ရာတွင် အများပြည်သူ သဘောတူညီမှုဖြင့်ပြုလုပ်ရန် ပူးတွဲဖော်ပြထားသည်။

ဒေသခံများ အပေါ်အကျိုးသက်ရောက်မှုရှိမည့် လုပ်ငန်းများ (သို့) စီမံကိန်းများ (သို့) စီးပွားရေးလုပ်ငန်းများ တွင် ကျင့်သုံးရမည်။ (နည်းဥပဒေ ၂၇)

လက်ရှိ သစ်တောနည်းဥပဒေမူကြမ်းတွင် ဓလေ့ထုံးတမ်းအရ လုပ်ကိုင်နေကြသည့် မြေများတွင် ကြိုးဝိုင်း နှင့် ကြိုးဝိုင်းပြင်ပတောများ သတ်မှတ်ခြင်း မပြုလုပ်ရန် အစိုးရအား တိုင်ရိုက်ညွှန်ကြားထားသည်[vi] ။FPIC ကို အကောင်အထည်ဖော်နိုင်ရန် အတွက် ဖြစ်စဉ် တစ်ခုလုံးကို ပြန်လည်သုံးသပ်ပြင်ဆင်ရန် လိုအပ်ပြီး၊ အခန်းတိုင်းတွင် ထပ်ဆောင်း ရှင်းလင်း ချက်များ နှင့် စုစည်းချက်များကို ဖော်ပြရမည် (သို့) အခန်းသစ် ထည့်သွင်း၍ FPIC ဖြစ်စဉ်ကို သီးခြားဖော်ပြသင့်သည်။ အစိုးရ၏ အခန်းကဏ္ဍနှင့် တာဝန်များကိုတိတိကျကျလုပ်ထုံးလုပ်နည်းများဖြင့်ဖော်ပြရန်ထည့်သွင်းစဉ်းစားရမည်။ ဒေသခံများကို ကြိုတင်အသိပေး အကြောင်းကြားရာတွင် ဒေသခံ ဘာသာစကားဖြင့် သင့်လျော်အောင်မည်သို့ ပြုလုပ်ရမည် အကြောင်း။ သတင်းပေးရန်တာဝန်ရှိသူ (ဥပမာ- မြို့နယ်သစ်တော အရာရှိ)မည်သူ့ကို အကြောင်းကြားရမည် (ကျေးရွာသူကြီး၊ ရေဒီယို၊ လွှတ်တော်အမတ် စသည့်တို့)၊ အချိန်သတ်မှတ်ချက်၊ စသည်တို့ကို တိကျစွာဖော်ပြပါ။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှမည့်သူတို့ကိုကြိုတင်အသိပေးရမည်ကို သိရှိနိုင်ရန်အတွက် ကြိုးဝိုင်း နှင့် ကြိုးဝိုင်းပြင်ပ သစ်တောများ သတ်မှတ်ရာတွင် ထိခိုက်မည့် ကျေးရွာများစာရင်းကို ပြုစုထားရမည်။

သစ်တောဥပဒေနှင့် ကျေးရွာ၊ ရပ်ကွက် နှင့် ကျေးရွာအုပ်စု စီမံခန့်ခွဲရေး ဥပဒေ(၂၀၁၂) အရ ကျေးရွာ အုပ်စု စီမံခန့်ခွဲသူများသည် ကျေးရွာအုပ်စုနှင့် ကျေးရွာတွင် နေထိုင်သည့် လူတစ်ဦးခြင်း၏ အခွင့်အရေးများကို ကာကွယ်ပေးရန် လုပ်ပိုင်ခွင့်ရှိသော်လည်း ထိုအချက်ကို သစ်တော ဥပဒေနှင့် နည်းဥပဒေ တွင် ထည့်သွင်းစဉ်းစားထားခြင်းမရှိပါ။

FPICကိုမည့်သို့ထည့်သွင်းကျင့်သုံးရမည်နှင့် သစ်ထုတ်လုပ်ခွင့်ပေးထားခြင်း၊ စီးပွားရေး စီမံကိန်းများနှင့် စိုက်ခင်းများကို ကြီးကြပ်ကွပ်ကဲခြင်းနှင့် ပက်သက်၍ ပြန်လည်သုံးသပ်နိုင်မည့် တည်ဆဲယန္တရားများရှိသည်။ ဥပမာ- သမ္မတ၏ ညွှန်းကြားချက်အရ ပြုလုပ်သည် အခြေခံအဆောက်အအုံ စီမံကိန်းများ၊ လမ်းဖောက်လုပ်ရန် တင်ဒါလျှောက်သည့် ကုမ္ပဏီများ၊ နိုင်ငံတော် ဘဏ္ဍာကို အသုံးပြုမည့် တင်ဒါလျှောက်သူများသည့် ထိုသို့လျှောက်ခွင့်ရရန်အတွက် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး နှင့် လွှတ်တော်အမတ်ထံ မှ ထောက်ခံစာရယူရမည်ဖြစ်သည်။ အလားတူပင် သစ်ထုတ်လုပ်ခြင်း၊ စိုက်ခင်းပြုလုပ်ခြင်း နှင့် သစ်တောနယ်မြေရှိ စီးပွားရေးစီမံကိန်းများ နှင့် ပတ်သက်သည့် တင်ဒါ ဖြစ်စဉ်တွင် ခွင့်ပြုချက်မပေးမီ FPIC ၏မူများကို လုပ်ဆောင်ရန်အတွက် လိုအပ်ချက်တစ်ခု အနေဖြင့် သတ်မှတ်နိုင်သည်။

(၂) ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်း။

သစ်တောဥပဒေသည် ဗဟိုချုပ်ကိုင်မှု အလွန်အမင် ကြီးမားသော ကြောင့် ဒေသခံများနှင့် အစိုးရအကြား ဆက်ဆံရေးကို အဟန့်အတား ဖြစ်စေခြင်း၊ အစိုးရ၏ဆုံးဖြတ်ချက်များတွင် ပွင့်လင်းမြင်သာမှုမရှိခြင်း နှင့် မကျေနပ်မှုများကို ကောင်းမွန်စွာပြန်လည် ဖြေရှင်းနိုင်မှုမရှိခြင်း တို့ကိုဖြစ်ပေါ်စေသည်။
ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား (၂) အရ သဘာဝပတ်ဝန်းကျင် ကာကွယ်ခြင်းနှင့် ထိန်းသိမ်းခြင်းများသည် ပြည်နယ်နှင့် တိုင်းများ၏ လုပ်ပိုင်ခွင့်တွင် ရှိရမည် ဖြစ်သော်လည်း သစ်တောဥပဒေနှင့် နည်း ဥပဒေများသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆန့်ကျင်၍ ဆုံးဖြတ်ချက် ချပိုင်ခွင့်များကို ဗဟိုတွင်သာ ထားရှိသည်။ ဗဟိုချုပ်ကိုင်မှု လျှော့ချ ခြင်းကို အားပေးလုပ်ဆောင်သည့် အနေဖြင့် သစ်တော ဥပဒေနှင့် နည်းဥပဒေ မူကြမ်းများကို ပြင်ဆင်ရမည်။

သစ်တောဥပဒေနှင့် နည်းဥပဒေပါ အချက်အများအပြားတွင် လုပ်ပိုင်ခွင့်အာဏာကို ပြည်ထောင်စု အစိုးရ အရာရှိများထံတွင် သာ ထားရှိပြီး ပြည်နယ်နှင့်တိုင်းများ၏ အစိုးရများသည် အကြံပြုချက် (သို့) မှတ်ချက်သာ ပေးခွင့်ရှိသည်။ သင့်လျော်သည့် နေရာများတွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ဒေသများကိုလည်း ထည့်သွင်းပြီး ပြည်နယ် နှင့်တိုင်း (သို့) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ မှတ်ချက်ရ ယူခြင်းသာ မဟုတ်ဘဲ ၎င်းတို့၏ သဘောတူညီချက် ရရှိမှသာ လုပ်ဆောင်ခွင့်ရှိရန် အတွက် အထက်ပါ နည်းဥပဒေများကို ပြင်ဆင်ရန် အကြံပြုထားသည်။ ပြည်ထောင်စု၊ ပြည်နယ် နှင့် တိုင်းလွှတ်တော်များတွင် သစ်တော ဥပဒေ အကောင်အထည်ဖော်ဆောင်ရေးကို နှင့် ပတ်သက်၍ စောင့်ကြည့်လေ့လာရန် တာဝန်ရှိကြောင်း အသိအမှတ်ပြုရမည်။

(၃) မြေယာအသုံးချမှုစီမံခန့်ခွဲရာတွင် ပြည်သူလူထု မူးပေါင်းပါဝင်ခြင်း

အမျိုးသားမြေအသုံးချမှုမူဝါဒတွင် မြေအသုံးချမှုစီမံခန့်ခွဲခြင်းနှင့် ဆုံးဖြတ်ချက်ချရာတွင် လူထုဆွေးနွေးပွဲနှင့် အားလုံးပါဝင်ရေးကို အခြေခံမူ အဖြစ် ထည့်သွင်းထားသည်။ ဓလေ့ထုံးတမ်းအရ လုပ်ကိုင်ပိုင်ဆိုင်ခွင့်ကိုလည်း အသိအမှတ်ပြုထားသည်။ သို့သော် သစ်တောဥပဒေနှင့်နည်းဥပဒေများတွင် ထိုမူများကို ထည့်သွင်းထားခြင်းမရှိပါ။ အနာဂါတ်တွင် ရှိလာမည့် အမျိုးသားမြေယာဥပဒေတွင် အားလုံးပါဝင်သည့် မြေယာစီမံခန့်ခွဲခြင်းဖြစ်စဉ်များကို မည်သို့အကောင်အထည်ဖော်ရမည်ကို ထည့်သွင်းဖော်ပြသင့်သည်။

မြေအသုံးချမှုစီမံခန့်ခွဲခြင်းသည် သစ်တောစီမံခြင်းနှင့် ကာကွယ်ခြင်းကို ကောင်းမွန်သည့် အကျိုးသက်ရောက်မှုဖြစ်စေနိုင်ပြီး ဒေသခံလူ့အဖွဲ့အစည်းများ အနေဖြင့် FPIC ကို မည်သို့ခွင့်ပြုရမည် ဆိုသည့် ဖြစ်စဉ်ကို ဆွေးနွေးနိုင်သည့် အပြင် အနာဂါတ်တွင် မည်ကဲ့သို့သောဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများကို တွေမြင်လိုသည် နှင့် မြေယာကို မည်သို့အသုံးပြုမည် ဆိုသည့် မေးခွန်းများကို အစိုးရဖြင့် ဆွေးနွေးနိုင်သည်။ ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေအောက်ရှိ ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ နည်းဥပဒေများ အာလုံးပါဝင်သည့် မြေနယ်နိမိတ် သတ်မှတ်ခြင်း ကို ထည့်သွင်းထားသော်လည်း သစ်တောဥပဒေနှင့် နည်းဥပဒေမူကြမ်းတွင် ထည့်သွင်းဖော်ပြထားခြင်းမရှိပါ။ ဥပမာ- နည်းဥပဒေ (၂၅) အောက်တွင် အားလုံးပါဝင်သည့် အခင်းအကျင်းကို မြှင့်တင်ရန်အတွက် ခရိုင်အဆင့် (၁၀)နှစ်ကြာ သစ်တောစီမံခန့်ခွဲမှု အစီအစဉ်ကို ရေးဆွဲရာတွင် လွှတ်တော်အမတ်များ၊ ဒေသခံ အဖွဲ့အစည်းအျား နှင့် အရပ်ဖက်အဖွဲ့အစည်းများကို ပါဝင်စေခြင်းဖြင့် ပြုလုပ်နိုင်သည်။

(၄) ဓလေ့ထုံးတမ်းဆိုင်ရာ လုပ်ပိုင်ခွင့်နှင့် ဓလေ့ထုံတမ်းများနှင့် ကာကွယ်ထားသည့် သစ်တောများ။

သစ်တောများအပါအဝင် ဓလေ့ထုံးတမ်းဆိုင်ရာ လုပ်ကိုင်ပိုင်ဆိုင်ခွင့်ကို ဥပဒေအရ တရားဝင် အသိအမှတ်ပြုပေးခြင်းသည် ဒေသခံလူ့အစုအဖွဲ့များ နှင့် အရပ်ဖက်အဖွဲ့အစည်းများ၏ ဦးစားပေး တောင်းဆိုမှုဖြစ်သည်။ သစ်တောဥပဒေ အပိုင်း ၇ (ဃ)အရ ဝန်ကြီးဌာန အနေဖြင့် ဓလေ့ထုံးတမ်းနှင့်အညီ ထိန်းသိမ်းစောင့်ရှောက်ထားသည့် သဘာဝ သစ်တောများနှင့် ဒီရေတောများကို အသိအမှတ်ပြုနိုင်ကြောင်းခွင့် ပြုထားသည်။ အပိုင်း ၇ (ဃ) ကို နည်းဥပဒေ (၂၁) ဖြင့်ပူးတွဲထားပြီး ဒေသခံများမှ ဓလေ့ထုံးတမ်းနှင့်အညီ ထိန်းသိမ်းစောင့်ရှောက်ထားသည့် သဘာဝ သစ်တောများနှင့် ဒီရေတောများကို ကြိုးဝိုင်းတော နှင့် ကြိုးဝိုင်း ပြင်ပကာကွယ်တောများ အဖြစ် ကာကွယ်ခြင်းထက် ဝန်ကြီးဌာန အနေဖြင့် အသိအမှတ်ပြုနိုင်ကြောင်း ခွင့်ပြုထားသည်။

နည်းဥပဒေမူကြမ်းတွင် ဖြစ်စဉ်၊ အခန်းကဏ္ဍ နှင့် တာဝန်များ (သို့) သတ်မှတ်များကိုမှု အကျယ်တဝင့် ရှင်းပြထားခြင်းမရှိချေ။ဓလေ့ထုံးတမ်းနှင့်အညီ ထိန်းသိမ်းစောင့်ရှောက်ထားသည့် သဘာဝသစ်တောများကို ဥပဒေအရ အသိအမှတ်ပြုခြင်းကို လူထုတွေ့ဆုံ ဆွေးနွေးပွဲများတွင် ကြိုဆိုကြသော်လည်း သက်ဆိုင်သည့် ပြဋ္ဌာန်းချက်များသည် ထိရောက်မှုမရှိကြောင်း (သို့) လုံလောက်မှုမရှိဟု ရှုမြင်ကြသည်။ ဒေသခံ လူ့အဖွဲ့အစည်းများသည် ဒေသခံများမှ ဓလေ့ထုံးတမ်းဆိုင်ရာ လုပ်ကိုင်ပိုင် ဆိုင်ခွင့်ကို အခြေခံ၍ သစ်တောများ၊ စိုက်ပျိုးမြေများ၊ ရေအရင်းအမြစ် နှင့် အခြားသော သဘာဝအရင်းအမြစ်များကို စုပေါင်းစနစ်ဖြင့် စီမံခန့်ခွဲကြသည်။ ထို့ကြောင့် ဒေသခံများမှ ဓလေ့ထုံးတမ်းစနစ်များကို သစ်တောတွင်သာ အသိအမှတ်ပြုခြင်းဟုဆိုရာတွင် ဓလေ့ထုံးတမ်းစနစ်အတွင်းရှိ အဖွဲ့အစည်းများနှင့် မြေအသုံးချမှုဆိုင်ရာ ဆုံးဖြတ်ချက်ချပိုင်ခွင့်တို့ ပါဝင် သည်။ ဓလေ့ထုံးတမ်းအရ စီမံခန့်ခွဲနေသည့် မြေများကို သစ်တော မြေအမျိုးအစားများခွဲပြီး ဝန်ကြီးဌါနအသီးသီးအောက်တွင် ထားရှိခြင်းသည် ရေရှည်တည်တံ့ခိုင်မြဲမှုရှိသည့် စီမံခန့်ခွဲမှုကို လျော့ကျစေပြီး အကျိုးထိရောက်မှု ကောင်းမွန်သည့် ဓလေ့ထုံး တမ်းအရ စီမံခန့်ခွဲမှု နှင့် မြေယာအုပ်ချုပ်ရေးစနစ်ကို ပျက်စီးစေနိုင်သည်။ ထို့အပြင် ပဋိပက္ခဖြစ်ပွားလာနိုင်မှု နှင့် သစ်တောပြုန်း တီးမှုအန္တရာယ် မြင့်တက်လာနိုင်သည်။

သဘာဝပတ်ဝန်းကျင်ကို ကာကွယ်ရန်အတွက် နယ်မြေအခြေခံ (သို့) နယ်နိမိတ်အခြေပြုကာ ဒေသခံများမှ ဓလေ့ထုံးတမ်းစနစ်အားဖြင့် စီမံခန့်ခွဲသည့် ဌါနေတိုင်းရင်းသားများ၏ နယ်နိမိတ်နှင့် အစုအဖွဲ့လိုက် ထိန်းသိမ်းကာကွယ်ထားသည့် နယ်မြေများ (ICCAs) ကိုအသိအမှတ်ပြုပေးရန် လိုအပ်သည် ။

ဒေသခံလူ့အဖွဲ့အစည်းများမှစီမံခန့်ခွဲအသုံးပြုနေသည့်သစ်တောအမျိုးမျိုးကို ထိန်းသိမ်းကာကွယ်ထားသည့် သစ်တောများအဖြစ် အပိုင်း ၇ (ဃ) တွင် အသိအမှတ်ပြုနိုင်မည်လားဆိုသည့် အချက်မှာ မရှင်းလင်းပါ။ သို့မဟုတ် ထို့အချက်သည် အထူးထိန်းသိမ်းကာကွယ်ထားသည့် သစ်တောများကိုသာ ရည်ညွှန်းထားပါသလား။ ဥပမာ- ကယားပြည်နယ်ရှိ အရပ်ဖက်အဖွဲ့အစည်းများနှင့် ဒေသခံများသည် နည်းဥပဒေတွင် ထည့်သွင်း ရမည့် စာရင်းတွင် မြို့နယ်မှ ထိန်းသိမ်းကာကွယ်ထားသည့် သစ်တောများ၊ မိသားစုမှ ထိန်းသိမ်းကာကွယ်ထားသည့်သစ်တောများ၊ ကျေးရွာမှ ထိန်းသိမ်းကာကွယထားသည့် သစ်တောများ နှင့် ဘာသာရေးဆိုင်ရာ သစ်တောများ ကို ဖော်ပြခဲ့ကြသည်။ ယဉ်ကျေးမှုအလိုက် သစ်တောများကို ဓလေ့ထုံးတမ်းအရ စီမံခန့်ခွဲရာတွင် မတူညီသည့်စနစ်များ ရှိသည့်အတွက် အထက်ပါစာရင်းသည် အလွန်အကျုံးဖော်ပြထားခြင်းမဟုတ်ပါ။ ၇(က) အောက်ရှိ အသိအမှတ်ပြုခြင်း နှင့် အစုအဖွဲ့ပိုင်သစ်တော (အခန်း-၄)ခေါင်းစဉ်အောက်ရှိ အသိအမှတ်ပြုခြင်းဆိုင်ရာ စီမံမှုများကို ခွဲခြား နိုင်းယှဉ်သင့်သည်။

(၅) ကြိုးဝိုင်းတောနှင့် ကြိုးဝိုင်းပြင်ပကာကွယ်တောများ သတ်မှတ်ခြင်း။

ဒေသခံလူ့အဖွဲ့အစည်းများ၏ဥယျာဉ် ခြံမြေ၊ ဓလေ့ထုံးတမ်းဆိုင်ရာ သစ်တောများ နှင့် တောင်ယာများကို ၎င်းတို့ သိရှိခြင်းမရှိဘဲ (သို့) သဘောတူညီမှုမရှိဘဲ ကြိုးဝိုင်းတောနှင့် ကြိုးဝိုင်းပြင်ပကာကွယ်တောများအဖြစ် သတ်မှတ်ခြင်းကို ကြုံတွေ့ခဲ့ရကြောင်း သိရသည်။

ကြိုးဝိုင်းတောနှင့် ကြိုးဝိုင်းပြင်ပကာကွယ်တောများ သတ်မှတ်ခြင်း၏ ရည်ရွယ်ချက် မှာ " ဓလေ့ထုံးတမ်းအရ စီမံခန့်ခွဲခွင့်ဖြင့် ကျင့်သုံးခွင့် ရရှိထားသည့် မြေများ မပါဝင်ဘဲ " ကြိုးဝိုင်းတောနှင့် ကြိုးဝိုင်းပြင်ပကာကွယ်တောနယ်မြေများကို သတ်မှတ်ရန်အတွက်ဖြစ်သည်။ ထို့ရည်ရွယ်ချက် ပြည့်မြောက်စေရန်အတွက် အမျိုးသား မြေအသုံးချမှု မူဝါဒ နှင့်အညီ FPIC ဖြစ်စဉ်မှတဆင့် ဓလေ့ထုံးတမ်းအရ စီမံခန့်ခွဲခွင့်ဖြင့် ကျင့်သုံးခွင့်ရရှိထားသည့် မြေများ ကြိုးဝိုင်းတောနှင့် ကြိုးဝိုင်းပြင်ပကာကွယ်တောနယ်မြေများအဖြစ် သတ်မှတ်ခြင်းတွင် မပါဝင်စေရန်အတွက် ကြိုးဝိုင်းတောနှင့် ကြိုးဝိုင်းပြင်ပကာကွယ်တောနယ်မြေ များသတ်မှတ်ခြင်း ဖြစ်စဉ်ကို အလုံးစုံ ပြန်လည်ဆန်းစစ်ပြင်ဆင်ရန် လိုအပ်သည်။ ရွေးကောက်ခံ အမတ်များသည်လည်း ခေါင်းဆောင်အပိုင်းတွင် ပါဝင်ရမည်ဖြစ်ပြီး၊ ကြိုးဝိုင်းတောနှင့် ကြိုးဝိုင်းပြင်ပကာကွယ်တောနယ်မြေများသတ်မှတ်ခြင်းကို တာဝန်ယူသည့် ကော်မတီများကို ကြီးကြပ်ကွပ်ကဲ ခြင်းများပြုလုပ်ခွင့် ရရှိသင့်သည်။ အားလုံးပါဝင်သည့် မြေအသုံးချမှု စီမံခန့်ခွဲခြင်းဖြစ်စဉ်တွင် အခြေခံပြု လုပ်သင့်သည်။

FPIC လုပ်ထုံးလုပ်နည်းများအရ ဒေသခံအစုအဖွဲ့များသည် ခွင့်ပြုရန် သင့်မသင့် ဆွေးနွေးရာ ၎င်းတို့၏ ကိုယ်ပိုင် ဆုံးဖြတ်ချက်ချမှတ်သည့် ဖြစ်စဉ်များကို အသုံးပြုနိုင်သည်။ တခါတရံ လွတ်လပ်စွာဆွေးနွေး နိုင်ကြရန် အတွက် လူအများတွေ့ဆုံပွဲများလည်း ပြုလုပ်လေ့ရှိသည်။ တည်ဆဲ ဖြစ်စဉ်များအရ ကြိုးဝိုင်းတောနှင့် ကြိုးဝိုင်းပြင်ပတောများကို သတ်မှတ်သည့် ဖြစ်စဉ်နှင့် သတ်မှတ်ရက်များသည် တင်းကြပ်လွန်းပြီး ဒေသခံအစုအဖွဲ့များ၏ ကိုယ်ပိုင် ဆုံးဖြတ်ချက်ချမှတ်သည့် ဖြစ်စဉ်များကို ထည့်သွင်းထားခြင်းမရှိပါ။ ထို့ကြောင့် ဒေသခံများသည် ၎င်းတို့၏ လုပ်ကိုင်ပိုင်ဆိုင်ခွင့်ရှိသည့် မြေများကို ကိုယ်တိုင်မှတ်တမ်းတင်ရပြီး အကြိုလေ့လာစုံစမ်းရေး အဖွဲ့ထံတွင်တောင်းဆိုတင်ပြရသည်။ ထို့သို့ကိုယ်တိုင် လုပ်ဆောင်ရခြင်းကို ပြင်ဆင် ရမည်ဖြစ်ပြီး ကြိုးဝိုင်းတောနှင့် ကြိုးဝိုင်းပြင်ပကာကွယ်တောနယ်မြေများသတ်မှတ်ခြင်း ဖြစ်စဉ်ကို အားလုံးပါဝင်သည့် အခြေအနေဖြစ်လာစေရန် လုပ်ဆောင်ရမည်။ ကြိုးဝိုင်းတောနှင့် ကြိုးဝိုင်းပြင်ပကာကွယ်တောနယ်မြေများအတွင်းရှိ ဓလေ့ထုံးတမ်းဆိုင်ရာ မြေများသည် အမွေဆက်ခံခွင့်ရှိရမည်။ နယ်မြေသတ်မှတ်ခြင်းကိုလည်း ပြင်ဆင်ပြီး မြေပြင်အခြေအနေနှင့် သင့်လျော်စေရန် အလျှင်းသင့်သလို ပြင်ဆင်ရမည်[vx]။

(၆) တည်ဆဲကြိုးဝိုင်းတောနှင့် ကြိုးပြင်ကာကွယ်တောနယ်မြေများတွင် ဓလေ့ထုံးတမ်းအရ လုပ်ပိုင်ခွင့်ကို ပြန်လည်အသိအမှတ်ပြုခြင်း။

သစ်တောများနှင့် စိုက်ပျိုးမြေများအပါအဝင် တည်ဆဲ ကြိုးဝိုင်းတောနှင့် ကြိုးဝိုင်းပြင်ပ ကာကွယ်တောနယ်မြေများသည်ဓလေ့ထုံးတမ်းအရ လုပ်ကိုင်ပိုင်ဆိုင်ခွင့်ရှိသည့် မြေနှင့်သစ်တောများ ပေါ်တွင် တည်ရှိနေသည်။

[3] *ရွှေ့ပြောင်းတောင်ယာသည် ကာဗွန် နှင့် ဇီဝမျိုးကွဲများကို အခြားသော စိုက်ပျိုးရေးနည်းလမ်းများထက် ပိုမို ထိန်းသိမ်းနိုင်ပြီး သဘာဝမြေယာ နှင့် စိုက်ပျိုးရေးဆိုင်ရာ ဇီဝမျိုးကွဲများကို ကာကွယ်နိုင်သည်။ ရွှေ့ပြောင်းတောင်ယာသည် မြန်မာနိုင်ငံ တောင်တန်းဒေသရှိ လယ်သမားများ၏ အသက်မွေးဝမ်းကြောင်းနှင့် အစာဖူလုံရေးအတွက် အဓိက အုတ်မြစ်ဖြစ်သည်။ ဥပမာအနေဖြင့် အရှေ့တောင်အာရှရှိ ဆွဲဒင် စိုက်ပျိုးရေး ၂၀၀၉ အထူးထုတ်ကို ကြည့်ပါ။ လူသားဂေဟစနစ် အတွဲ ၃၇၊ နှင့် ရွှေ့ပြောင်းတောင်ယာ နှင့် ပက်သက်သည့် TRIP NET, POINT,KMSS, RRTLP တို့၏သုတေသန စာတမ်းများကို ဖတ်ရှုနိုင်သည်။*

ကြိုးဝိုင်းတောနှင့် ကြိုးဝိုင်းပြင်ပ ကာကွယ်တောနယ်မြေများအဖြစ် သတ်မှတ်ခံခဲ့ရသည့် ဓလေ့ထုံးတမ်းဆိုင်ရာ မြေများကို ပြန်လည်ပေးအပ်ရန် လိုအပ်သည့် လမ်းညွှန်ချက်ကို ဥပဒေနှင့် နည်းဥပဒေများတွင် ထည့်သွင်းပြီး အိမ်ပြန်လာသည့် ဒုက္ခသည်များနှင့် စစ်ရှောင်များကိုလည်း ၎င်းတို့၏ အခွင့်အရေးများပြန်လည်ပေးအပ်သင့်သည်။ မြန်မာနိုင်ငံ အစိုးရမှ ထိုမြေများကို ကြိုးဝိုင်းတောနှင့် ကြိုးဝိုင်းပြင်ပ ကာကွယ်တောနယ်မြေများ အဖြစ်မှ ပယ်ရှားရန် လိုအပ်ကြောင်းအသိအမှတ်ပြုထားသည်။ သမ္မတ၏အမိန့်အရ ၂၀၁၃ ခုနှစ်မှစ၍ အမြဲတမ်း စိုက်ပျိုးမြေနှင့် အိမ်ခြေ ၅၀ ကျော်ရှိသည့် ကျေးရွာများ၏ မိသားစု စိုက်ခင်းများကို ကြိုးဝိုင်းတောနှင့် ကြိုးဝိုင်းပြင်ပ ကာကွယ်တောနယ်မြေများအဖြစ် သတ်မှတ်ထားခြင်းမှ ပယ်ဖျက်ရန် လမ်းညွှန်ထားသည်။ ထိုလမ်းညွှန်ချက်နှင့်ဆန့်ကျင်ကာ ဓလေ့ထုံးတမ်းအရ စီမံခန့်ခွဲမှုအောက်ရှိမြေများကို ကြိုးဝိုင်းတောနှင့် ကြိုးဝိုင်းပြင်ပ ကာကွယ်တောနယ်မြေအဖြစ် သတ်မှတ်ထားခြင်းမှ ပယ်ဖျက်ခြင်းပြုကာ၊ မြေယာပိုင်ဆိုင်ခွင့် ပေးအပ်ခြင်းများကို မပြုလုပ်ဘဲ တောင်တန်းဒေသရှိ စိုက်ပျိုးရေးနှင့် ဥယျာဉ်မြေများကို အစုအဖွဲ့ပိုင်သစ်တောလက်မှတ်များ ပေးအပ်ကာ နှစ် (၃၀) ငှါးရမ်းလုပ်ကိုင်ခွင့်ပြုပေးနေသည်။

နည်းဥပဒေ ၁၃(က) နှင့် ၁၉(က) အရ ဝန်ကြီးဌါနမှ ကြိုးဝိုင်းတောသတ်မှတ်ခြင်းကို ပယ်ဖျက်လိုက်ပါက သစ်တောထွက်ပစ္စည်းများနှင့် မြေအသုံးပြုခွင့် များကို ပြန်လည်ပေးအပ် ခြင်းမပြုရပါ။ ဓလေ့ထုံးတမ်းဆိုင်ရာလုပ်ကိုင်ပိုင်ဆိုင်ခွင့်များကို ခွင့်ပြုရန်နှင့် ယခင်က ချိုးဖောက်ခြင်းခံခဲ့ရသည့် သစ်တောအသုံးပြုသူများ၏အခွင့်အရေးများကိုပြန်လည်အသိအမှတ်ပြုရန် အတွက် နှင့် အနာဂါတ်တွင် ပြန်လာမည့် ဒုက္ခသည်များနှင့် စစ်ဘေးရှောင်များ၏ အခွင့်အရေးများ ပြန်လည်ရရှိနိုင်ရေးအတွက် နည်းဥပဒေ ၁၃(က) နှင့် ၁၉(က) များကို ပြင်ဆင်ရမည်။ ကြိုးဝိုင်းတောနှင့် ကြိုးဝိုင်းပြင်ပ ကာကွယ်တောနယ်မြေအဖြစ်သတ်မှတ်သည့် ဖြစ်စဉ်ကို ပြင်ဆင်ခြင်းနှင့် ခေတ်နှင့်လျော်ညီအောင်ပြုလုပ်ခြင်းအားဖြင့် အထက်တွင် ဖော်ပြခဲ့သည့် ပြဿနာများကို ဖြေရှင်းရန် အထောက်အကူပြုနိုင်မည်ဖြစ်သည်။ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူမှု၊တာဝန်ခံမှု ရှိစေရန်အတွက် ပြန်လည်သုံးသပ်ရေး နည်းဥပဒေများထားရှိနိုင်သည်။

(၇) ကြိုးဝိုင်းသစ်တောနှင့် ကြိုးပြင်ကာကွယ် သစ်တော စီမံခန့်ခွဲခြင်း။

ကြိုးဝိုင်းတောနှင့်ကြိုးဝိုင်းပြင်ပကာကွယ်တောများသည့် သဘောတရားအရ မတူညီသော်လည်း လက်တွေ့တွင် ဆင်တူစွာ စီမံခန့်ခွဲသည်ဟု ဒေသခံများက ရှုမြင်ကြသည်။ ကြိုးဝိုင်းတောနှင့် ကြိုးဝိုင်းပြင်ပကာကွယ်တောနယ်မြေများ သတ်မှတ်ရန်ကြေညာရာတွင် နည်းဥပဒေ (၆) အရ ပါဝင်သည့် ကျူးကျော်ဖြတ်သန်းခြင်း၊ သစ်တောထွက်ပစ္စည်းများကို ထုတ်ယူခြင်းနှင့် သစ်တောများရှင်းလင်းခြင်း စသည်တို့ကို မပြုလုပ်ရန် ဝန်ကြီးဌါနမှ တားမြစ်သည်။ ထို့သို့တားမြစ်ခြင်းများကို မပြုလုပ်ဘဲ သစ်တောစီ မံခန့်ခွဲရန် အတွက် လိုအပ်သည့် အချက်များကိုသာ တားမြစ်ပြီး အခြားသော အသုံးပြုမှုများကို ဆက်လက်ခွင့်ပြုသင့်သည်။ ဥပမာ-ကယားပြည်နယ်၏ အရပ်ဖက်အဖွဲ့အစည်းများက ကြိုးဝိုင်းတောနှင့် ကြိုးဝိုင်းပြင်ပကာကွယ်တောနယ်မြေများတွင် ဖြတ်သန်းသွားလာခြင်း၊ သစ်တောထွက်ပစ္စည်းများကို ထုတ်ယူခြင်းများကို တားမြစ်ခြင်းမပြုရန် အကြံပြုထားသည်။ နည်းဥပဒေ (၆) အရ ဝန်ကြီးဌါနသည် ကြိုးဝိုင်းတောနှင့် ကြိုးဝိုင်းပြင်ပကာကွယ်တောနယ်မြေများ သတ်မှတ်ရန် ကြေညာပြီးနောက်တွင် ပြုလုပ်ခွင့်မရှိသည့် အချက်များကို တားမြစ်နိုင်သည့် လုပ်ပိုင်ခွင့်ရှိသည်။ ဝန်ကြီးဌါနအနေဖြင့် ထို့လုပ်ပိုင်ခွင့်ကို ကြိုးဝိုင်းပြင်ပကာကွယ်တောနယ်မြေအတွင်း စိုက်ပျိုးရေးနှင့် သတ္တုတူးဖော်ရေးအတွက် ရှင်းလင်းခြင်းများ ပြုလုပ်ခြင်းမှ ကာကွယ်ရန် အသုံးပြုရမည်ဖြစ်ပြီး၊ ကြိုးဝိုင်းပြင်ပကာကွယ်တောနယ်မြေအတွင်း အသက်မွေးဝမ်းကျောင်းပြုသည့် လုပ်ငန်းများကို တားမြစ်ရန် အသုံးမပြုသင့်ပါ။

(၈) ကြိုးဝိုင်းတောနှင့် ကြိုဝိုင်ပြင်ပကာကွယ်တောနယ်မြေများတွင်ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးခြင်း။

လက်ရှိဥပဒေတွင် ဖော်ပြထားသည့် ရွှေ့ပြောင်းတောင်ယာ အဓိပ္ပါယ်ဖွင့်ဆိုချက်ကို ပိုမိုတိကျစွာ ပြင်ဆင်သင့်သည် ။ ဥပမာ- ရွှေ့ပြောင်း တောင်ယာကို အလှည့်ကျစိုက်ပျိုးသည့် သစ်တော-စိုက်ပျိုးရေး စနစ်အဖြစ် ဖော်ဆောင်ခြင်း။ နည်းဥပဒေ ၁၂(ခ) နှင့် ၁၈ (ခ) အရ ကြိုးဝိုင်းတောနှင့် ကြိုးဝိုင်းပြင်ပကာကွယ်တော နယ်မြေ အတွင်းရှိ ရွှေ့ပြောင်းတောင်ယာစနစ်တွင် မြေလွတ်အဖြစ်ထားရှိခြင်းသည် အချိန် (၃) ထက်ပိုကြာပါက ဆက်လက် လုပ်ကိုင်ခွင့် မရှိတော့ပါ ။ ထိုအချက်သည် ရေရှည်တည်တံ့ ခိုင်မြဲရေးနှင့် ဇီဝမျိုးကွဲများအတွက် အရေးပါသည့်အတွက် အလှည့်ကျ စိုက်ပျိုးသည့် တောင်ယာစနစ်ကို အဟန့်အတားမဖြစ်စေသည်။ အနားပေးသည့် ကာလ များတွင် အသုံးပြုခြင်းမရှိသည့် နေရာများကို မြေလွတ်များအဖြစ် သတ်မှတ်လိုက်ပါက အရ ဒေသခံများ၏ မြေများကို ထိန်းသိမ်းကာကွယ်ခွင့်ဆုံးရှုံးနိုင်သည်။ ရွှေ့ပြောင်းတောင်ယာလုပ်ကိုင်ခြင်းကို ကြိုးဝိုင်းတောနှင့် ကြိုးဝိုင်းပြင်ပကာကွယ်တော နယ်မြေများတွင်ထည့်သွင်း သတ်မှတ်ခြင်း မပြုသင့်ပါ။ နည်းဥပဒေ ၁၂(ခ) ကို ဓလေ့ထုံးတမ်းအရ ပိုင်ဆိုင်လုပ်ကိုင်ခွင့်ရှိသည့် မြေများ နှင့် ရွှေ့ပြောင်းတောင်ယာ အပါအဝင် အခြားသော မြေအသုံးချမှုများ အကြား ခွဲခြားသတ်မှတ်ရန်အတွက် ပြင်ဆင်ပါက ရွှေ့ပြောင်းတောင်ယာလုပ်ကိုင်သည့် နယ်မြေများနှင့် အလေ့အကျင့်များကို ကာကွယ်ပေးနိုင်မည်ဖြစ်သည်။ ထို့သို့ ပြုလုပ်ခြင်းအားဖြင့် တောင်သူများသည်လည်း ကြိုးဝိုင်းတောနှင့် ကြိုးဝိုင်းပြင် ပကာကွယ်တော နယ်မြေများရှိ ၎င်းတို့၏ မြေယာများတွင် လုပ်ကိုင် ခွင့်များ ရရှိရန် အတွက် မြေအနားပေးချိန်များ လျော့ချခြင်းမပြုလုပ်ရန် ကာကွယ် ပေးမည်ဖြစ်သည်။

နည်းဥပဒေ (၃၂) အရ အစိုးရ အဆိုပြုထားသည့်မြေပေါ်တွင် ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးရေးစနစ် တစ်ခုတည်းကို တားမြစ်ခြင်းသည်လည်း ခိုင်မာသည့် အကြောင်းပြချက်မရှိကြောင်း မှတ်ချက်ပြုခဲ့ကြသည်။

ဒေသခံများအား ဒဏ်ပေးခြင်း နှင့် ပိတ်ပင်ခြင်းများ ပြုလုပ်နိုင်သည့် မီးနှင့်ပက်သက်သည့် စည်းမျဉ်းများနှင့် အစိုးရ၏ အဆိုပြုချက်အရ တားမြစ်ခွင့်ရှိခြင်းစသည့် အချက်များပါဝင်သည့် နည်းဥပဒေ (၂၉) ကိုလည်း ပယ်ဖျက်ရန် တောင်းဆိုခဲ့ကြသည်။ အဘယ့်ကြောင့်ဆိုသော် ဒေသခံများသည် မြေရှင်းလင်းရာတွင် မီးကို အသုံးပြု၍ ရှင်းလေ့ရှိသောကြောင့် ဖြစ်သည်။ နည်းဥပဒေ ၁၂(ခ) နှင့် ၁၈ (ခ) တို့သည်လည်း စစ်ရှောင်များနှင့် ဒုက္ခသည်များ အိမ်ပြန်လာသည့် အခါ အနုတ်လက္ခဏာဆောင်သည့် ထိခိုက်မှုများ ဖြစ်စေနိုင်သည်။ အထူးသဖြင့် ၎င်းတို့၏ မြေယာများသည် ကြိုးဝိုင်းတော နှင့် ကြိုးဝိုင်ပြင်ပတောများအဖြစ် သတ်မှတ်ထားခြင်းခံရပါက ထိုသို့မဖြစ်စေရန် ပြုလုပ်ရမည်။

(၉) ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီးပွားရေး စီမံကိန်းများ

ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများ၊ စိုက်ခင်းများ (သို့) သစ်ထုတ်လုပ်မှုများကို ဓလေ့ထုံးတမ်းဆိုင်ရာ မြေများတွင် သတ်မှတ်ခြင်းကို နည်းဥပဒေမှ တားမြစ်ရမည်။ ထိုလုပ်ငန်းများ ပါဝင်သည့် အခန်းများတွင် (က) ဝန်ကြီးဌာန အနေဖြင့် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီးပွားရေး စီမံကိန်းများကို ခွင့်မပြုမှီ အကျိုးသက်ရောက်မှုခံစားရမည့်ဌါနေတိုင်းရင်းသားများနှင့် ဒေသခံများထံမှ FPIC ကိုရရှိရမည် ဆိုသည့် အချက်ကို ထည့်သွင်းရေးသားပါ။ (ခ) သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ(၂၀၁၂)နှင့်သဘာဝပတ်ဝန်းကျင် ထိခိုက်မှု လေ့လာဆန်းစစ်ခြင်း (EIA) လုပ်ထုံးလုပ်နည်းများနှင့် အညီ လုပ်ဆောင်ရမည် (ဂ) ပွင့်လင်းမြင်သာမှုရှိသည့် ကြီးကြပ်ရေး ယန္တရားများ တို့ ပါဝင်ရမည်။

နည်းဥပဒေ (၂၇) အရ သစ်တောမြေနှင့် သစ်တောလွှမ်းမိုးထားသည့် မြေများကို အစိုးရ၏ အဆိုပြုချက်အရ မည်သည့် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီးပွားရေး စီမံကိန်းများ အတွက်မဆို သဘာဝသံယံဇာတနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌါနမှ ခွင့်ပြုပေးနိုင်သည့် အာဏာရှိသည်။ နည်းဥပဒေ မူကြမ်းသည် ထိုစီမံကိန်းများလုပ်ဆောင်ရာတွင်ဟု မှန်ကန်စွာ ပြဌါန်းထားသည်။ သို့သော် မည်ကဲ့သို့သောစီမံကိန်းများကို ခွင့်ပြုမည်နှင့်အဘယ့်ကြောင့် ခွင့်ပြုရမည်ကိုမူ ဖော်ပြထားခြင်းမရှိပါ။ နည်းဥပဒေမူကြမ်းအရ အစိုးရအနေဖြင့် မြေသိမ်းဥပဒေကို အသုံးပြုပြီး မြေများကို ကြိုးဝိုင်းတောနှင့် ကြိုးဝိုင်းပြင်ပ ကာကွယ်တောနယ်မြေအဖြစ် သိမ်းယူနိုင်သည်။ ထို့နောက် နည်းဥပဒေ (၂၇) အရ ပုဂ္ဂလိက ကုမ္ပဏီများကို စီးပွားရေး စီမံကိန်းအတွက် လွှဲပြောင်းပေးနိုင်သည်။ ထို့သို့ မဖြစ်ပွားစေရန် နည်းဥပဒေ (၂၇) ကိုပြင်ဆင်ရမည်။ အဆိုပါကုမ္ပဏီများ၏ စီမံကိန်းများသည် ရှောင်လွှဲ လို့ရနိုင်သည့် သစ်တောပြုန်းတီးခြင်းများကို ပြုလုပ်မည် မဟုတ်ကြောင်း ယတိပြတ်မဆိုနိုင်ပါ (သို့) ဥပဒေလမ်းကြောင်းအရ အများအကျိုးကို လျစ်လျူရှုပြီး သစ်တောများကို ပုဂ္ဂလိကပိုင်ပြုခြင်းကိုလည်းမတားမြစ်နိုင်ပါ သဖြင့် EIA လုပ်ထုံးလုပ်နည်းများသည် အရေးကြီးသော်လည်း မလုံ လောက်ပါ။

သဘာဝပတ်ဝန်းကျင် ထိခိုက်မှု လေ့လာဆန်းစစ်ခြင်း အစီရင်ခံစာ (နည်းဥပဒေ ၂၇ (ဂ)) တင်သွင်းရန် (EIA) လိုအပ်သည့် ဖွံ့ဖြိုးတိုးတက်ရေး နှင့် စီးပွားရေး စီမံကိန်းများတွင် သစ်ထုတ်လုပ်ခြင်း၊ သစ်တောစိုက်ခင်း နှင့် ပုဂ္ဂလိက စိုက်ခင်းများလည်း ပါဝင်ကြောင်း နည်းဥပဒေ (၂၇) တွင် တိကျစွာ ဖော်ပြပေးပါ။ သစ်တောရှင်းလင်းခြင်းများ (သို့) ဒေသခံများကို ရွှေ့ပြောင်း စေခြင်းများနှင့် ဓလေ့ထုံးတမ်းအရ စီမံသည့် သစ်တောများ နှင့် မြေများကို ပုဂ္ဂလိက ကုမ္ပဏီများထံသို့လွှဲပြောင်းခြင်းများကို ကာကွယ်ရန် အတွက် မည်ကဲ့သို့သောဖွံ့ဖြိုးရေးနှင့်စီးပွားရေးစီမံကိန်းများကိုသဘာဝသံယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌါန အနေဖြင့် ခွင့်ပြုရမည်နှင့် ပက်သက်၍ သတ်မှတ်ချက်များကို ထည့်သွင်းရေး သားသင့်သည်။ စီမံကိန်းများကို EIA လုပ်ထုံးလုပ်နည်းများနှင့်အညီ အကောင်ထည်ဖော်မှုရှိမရှိ ကို လွတ်လပ်စွာ စောင့်ကြည့်လေ့လာခွင့်ပြုရမည်။

(၁၀) သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းများနှင့် တားမြစ်ပင်များ။

ဓလေ့ထုံးတမ်းအရ လုပ်ကိုင်ပိုင်ဆိုင်မှုများကို ကျင့်သုံးသည် သစ်တော များတွင် ထိုစနစ်များက ဓလေ့ထုံးတမ်းအရ သစ်တောထွက် ပစ္စည်းများကို ကြပ်မတ်ခြင်း၊ စီမံခန့်ခွဲရန်နှင့် ပစ္စည်းထုတ်ယူသည့် အလေ့အကျင့်များကို လမ်းညွှန်ပေးသည်။ သစ်တောဥပဒေနှင့် နည်းဥပဒေတွင် သစ်တောထွက် ပစ္စည်းများကို စီးပွားဖြစ် မဟုတ်ဘဲ အသေးစား ထုတ်ယူသုံးစွဲမှုများ (သို့) အသေးစား စီးပွားရေးများအတွက် ပြဌါန်းထားသည့် စည်းမျဉ်းများမရှိပါ။

ကျွန်းသစ်များ အားလုံးသည် နိုင်ငံတော်ပိုင်ဖြစ်သည်။ ပြင်ဆင်လိုက်သည့် ဥပဒေနှင့် နည်းဥပဒေတွင်မူ စိုက်ခင်းများ၊ အစုအဖွဲ့ပိုင်သစ်တောများ နှင့် အခြား ပြည်သူပိုင် နှင့် မိသားစုပိုင်မြေများရှိ ကျွန်းပင်တစ်ပင်ခြင်းကို သစ်တောဦးစီးဌါနတွင် မှတ်ပုံတင်နိုင်သည်။ တားမြစ်ပင်နှင့် ကျွန်းပင်များကို နိုင်ငံတော်ပိုင်အဖြစ်သတ်မှတ်ခြင်းသည် ထိုအပင်များ ပေါက်နေသည့် သစ်တောများတွင် နေထိုင်သည့် ဒေသခံလူ့အဖွဲ့အစည်းများ၏ ဓလေ့ထုံး တမ်းအရ လုပ်ကိုင်ပိုင်ဆိုင်ခွင့် ကို အသိအမှတ်ပြုရာတွင် အခက် အခဲဖြစ် လာသည်။

သစ်တောထွက်ပစ္စည်းများဆိုင်ရာ စည်းမျဉ်းများကို အသေးစိတ်ဖော် ပြရန်အတွက် ဤအစီရင်ခံစာတွင် မသင့်လျော်ပါ။ သို့သော် စည်းမျဉ်း အပြောင်းအလဲများပြုလုပ်ခြင်းသည် သစ်တောနှင့် သစ်တောထွက် ပစ္စည်းများကို အားပေးခြင်းနှင့် ရေရှည်တည်တံ့ခိုင်မြဲစေရန် မြှင့်တင် ပေးနိုင်သည်။ တားမြစ်သစ်ပင်အမျိုးအစားများကို မည်သို့သတ်မှတ်ကြောင်း ဖြစ်စဉ်ကို နည်းဥပဒေ တွင် ရှင်းလင်းရေးသားရမည် ဖြစ်ပြီး ထိုသတ်မှတ် ချက်များအတိုင်း တားမြစ်ပင်များစာရင်းကိုပြင်ဆင်သင့်သည်။ ထိုစာရင်းထဲမှ အပင်အများအပြားသည် ကွယ်ပျောက်သွားမည့် အန္တရာယ်မရှိပါ ထို့ကြောင့်စာရင်းထဲမှ ပယ်ဖျက်သင့်ပါသည်။ ထို့ဥပဒေကို ပြင်ဆင်ရာတွင် ကျွန်းပင်ကို တားမြစ်အပင် အဖြစ်ထားရှိခြင်းကို ပြင်ဆင်ရန်လိုအပ်သည်။

နိဂုံး

ဤအစီရင်ခံစာတွင် ဒေသခံလူ့အဖွဲ့အစည်းများ၏ ဓလေ့ထုံးတမ်းအရ လုပ်ကိုင်ပိုင်ဆိုင်ခွင့် ပိုမိုကောင်းမွန်စွာ ကာကွယ်ရန်နှင့် အသိအမှတ် ပြုရန် အတွက် သစ်တောဥပဒေနှင့် နည်းဥပဒေများကိုပြန်လည်သုံး သပ်ပြင်ဆင်ရန် အကြံပြုချက်များကို ခြုံငုံဖော်ပြထားပါသည်။ ဤစာတမ်းကို ယခင်က ပညာရှင်များ ဆွေးနွေးနိုင်ရန်အတွက် ဝေမျှခဲ့ပြီး လက်ရှိပြုလုပ် နေသည့် သစ်တောဥပဒေနှင့် နည်းဥပဒေပြင်ဆင်ရေးအတွက် ပြန်လည်သုံးသပ် သည့် ဆွေးနွေးပွဲအတွက် အသုံးပြုခဲ့သည်။ ဤစာတမ်းသည် ဓလေ့ထုံးတမ်းအရ လုပ်ကိုင်ပိုင်ဆိုင်ခွင့် ရှိသည့် မြေများနှင့် ပက်သက်နေသည့် သစ်တော ဥပဒေနှင့် နည်းဥပဒေများကို အလေးပေးပြုစုထားသဖြင့် အကြံပြုချက် များသည် အကြောင်းအရာ အားလုံးကို ကျယ်ပြန့်စွာ ဖော်ပြခြင်းမရှိပါ။

ဤဆွေးနွေးပွဲသည် အစိုးရ၊ အရပ်ဖက်အဖွဲ့အစည်း နှင့် ဒေသခံများအကြား သစ်တောဥပဒေ၏ အသေးစိတ် အချက်အလက်များ နှင့် ပြည်နယ်နှင့် တိုင်းများ အားလုံးရှိ လက်ရှိအခြေအနေများကို ဆွေးနွေးခွင့် နှင့် သစ်တော အုပ်ချုပ်ရေး ပြင်ဆင်ရန် လိုအပ်သည့် အချက်များကို ဖော်ပြပေး နိုင်ခဲ့သည်။ ပြောင်းလဲခြင်းများပြုလုပ်ခြင်းဖြင့် ဓလေ့ထုံးတမ်းဆိုင်ရာ မြေများကို ခြိမ်းခြောက်သည့် အရာများကို လျှော့ချနိုင်ပြီး၊ ပိုမိုကောင်းမွန်သည့် FPIC, ကြီးကြပ်ကွပ်ကဲခြင်းနှင့် ထိန်းညှိခြင်းများပြုလုပ်ရန် ဖြစ်စဉ်များ ထည့်သွင်းနိုင်ပါသည်။

ဤစာတမ်း ထုတ်ဝေသည့် အချိန်တွင် ပြန်လည်သုံးသပ်ရေးဖြစ်စဉ်၏ ရလဒ်များ နှင့် သစ်တောဥပဒေနှင့် နည်းဥပဒေများ ပြောင်းလဲနိုင်ချေ ရှိမှုများကို မသိရှိရသေးပါ။အလားအလာ ရှိသည့် ပြောင်းလဲမှုများသည် အစိုးရ၏ ဖြစ်စဉ်အမျိုးမျိုးတွင် မူတည်ပြီး ဆွေးနွေးပွဲများကြောင့် အစိုးရ နှင့် ဒေသခံများအကြား အပြန်အလှန် ဆွေးနွေးမှုများရှိနေပြီး သစ်တောအုပ်ချုပ်မှု ပြောင်းလဲရေးအတွက်အရေးပါသည့်အုတ်မြစ်ကိုဖော်ဆောင်ပေးထားသည်။ အနာဂါတ်တွင် ရှိလာမည့် အမျိုးသားမြေယာ ဥပဒေကို မျှော်မှန်း၍ သစ်တောမူဝါဒနှင့် ဥပဒေကို ပြင်ဆင်ရန်လိုအပ်ကြောင်း ရှင်းလင်းစွာ ဖော်ပြထားသည်။ သစ်တောမူဝါဒရေးဆွဲရာတွင် ဒေသခံများကို အခြေပြု လုပ်ဆောင်ရမည်ဖြစ်ကြောင်း အလေးပေး ဖော်ပြထားသည်။

ကိုးကားချက်နှင့် မှတ်စုများ

[i] FAO and MRLG. 2019.ဓလေ့ထုံးတမ်းဆိုင်ရာ လုပ်ကိုင်ပိုင်ဆိုင်ခွင့်များကို မြန်မာနိုင်ငံတွင် အသိအမှတ်ပြုရန် ကြုံတွေ့နေရသည့် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများ။ Bangkok, 12pp. အောက်တွင်ဖတ်ရှုနိုင်ပါသည်: https://www.mrlg.org/publications/challenges-and-opportunities-of-recognizing-and-protecting-customary-tenure-systems-in-myanmar/.

[ii] RRI. 2018. A Global Baseline of Carbon Storage in Collective Lands: Indigenous and Local Community Contributions to Climate Change Mitigation. Washington DC. Available at: https://rightsandresources.org/wp-content/uploads/2018/09/A-Global-Baseline_RRI_Sept-2018.pdf.

[iii] ၂၀၀၈တွင် ဖွဲ့စည်းခဲ့သည့် အမျိုးသားမြေအသုံးချမှုကောင်စီသည် လက်ရှိတွင် အမျိုးသားမြေအသုံးချမှုမူဝါဒ အကောင်အထည်ဖော်ရေးနှင့် မူဝါဒတွင် ဖော်ဆောင်ထားသည့် မူများကို ဥပဒေတွင် ထည့်သွင်းဖော်ပြရေးအတွက် ရေးဆွဲမည့် အမျိုးသားမြေယာဥပဒေမူကြမ်းရေးဆွဲရေးအတွက် တာဝန်ယူထားသည်။

[iv] တူညီစွာပင် ၁၉၉၅ သစ်တောမူဝါဒတွင် ရေရှည်တည်တံ့ခိုင်မြဲသော စီမံခန့်ခွဲမှု၊ လူထုပူးပေါင်းပါဝင်မှု နှင့် ဒေသခံ လူအဖွဲ့အစည်းများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် ရည်ရွယ်သည့် မူဝါဒလမ်းညွှန်ချက်များပါဝင်သည်။

[v] တိုင်းရင်းသားအခွင့်အရေး ကာကွယ်ရေးဥပဒေ အခန်း (၄) ပုဒ်မ (၅) တွင် FPIC ကို အောက်ပါအတိုင်း ဖော်ပြထားသည်။ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ စီမံကိန်းများ၊ စီမံကိန်းကြီးများ၊ စီးပွားရေးများ နှင့် သဘာဝအရင်းအမြစ်တူးဖော်ခြင်းများကို တိုင်းရင်းသားဒေသများတွင် ပြုလုပ်မည်ဆိုပါက စီမံကိန်းဆိုင်ရာအကြောင်းအရာများကို အကြောင်းအရာများကို သင့်လျော်သည့် တိုင်းရင်းသားများအား အလုံးစုံအသိပေးပြီး၊ ညှိနှိုင်းဆောင်ရွက်ခြင်းဖြင့် လုပ်ဆောင်ရမည်

[vi] နည်းဥပဒေ ၈(က) (၁) နှင့် ၁၅ (က)(၁) အရ ကြိုးဝိုင်းနှင့် ကြိုးဝိုင်းပြင်ပတောများ သတ်မှတ်ရန် ဆန်းစစ်သည့် ဖြစ်စဉ်တွင် ဓလေ့ထုံးတမ်းအရ မြေယာပိုင်ဆိုင်ခွင့် ရရှိသည့် နေရာများတွင် ကြိုးဝိုင်းနှင့် ကြိုးဝိုင်းပြင်ပတောများသတ်မှတ်ရန် အဆိုပြုထားချက်များကို ပယ်ဖျက်ရန် ဖော်ပြထားသည်။

[vii] အမျိုးသာမြေအသုံးချမှု မူဝါဒ အပိုင်း ၃ နှင့် ၄ ကို ရည်ညွှန်းသည်။

[viii] ဓလေ့ထုံးတမ်းဆိုင်ရာ လုပ်ကိုင်ပိုင်ဆိုင်ခွင့် ကို အမျိုးသာမြေအသုံးချမှု မူဝါဒ အခန်း (၈) တွင် သီးခြားဖော်ပြထားသည်။

[ix] သစ်တောနည်းဥပဒေမူကြမ်း အပိုင်း (၂၁) တွင် အောက်ပါအတိုင်းဖော်ပြထားသည်။ သစ်တောဥပဒေအပိုင် ၇ (ဃ) အရ ဒေသခံလူအဖွဲ့အစည်းများမှ ၎င်းတို့၏ ဓလေ့ထုံးတမ်းများနှင့်အညီ ထိန်းသိမ်းထားသည့် သဘာဝသစ်တောများနှင့် ဒီရေတောများကို အသိအမှတ်ပြုရန် လုပ်ထုံးလုပ်နည်းများကို ဝန်ကြီးဌါနများ ထုတ်ပြန်ပေးနိုင်သည်။

[x] ဇီဝမျိုးကွဲများဆိုင်ရာ ပြဌါန်းချက်တွင် ICCAs ထိရောက်မှုရှိသည့် ထိန်းသိမ်းကာကွယ်ရေး နည်းလမ်းဖြစ်ပြီး ဒေသခံများသည်လည်း အဓိကဆုံးဖြတ်ပိုင်ခွင့်ရှိသူများအဖြစ်ပါဝင်နိုင်သည်ဟုအသိအမှတ်ပြုထားသည်။ More information on ICCAs is available at: https://www.iucn.org/content/indigenous-and-community-conserved-areas-bold-new-frontier-conservation).

[xi] ချင်းပြည်နယ် နှင့် ကရင်ပြည်နယ်များတွင် ပြုလုပ်ခဲ့ဆွေးနွေးပွဲများမှ ရရှိသည့် မှတ်ချက်များ နှင့် တိုင်းဒေကြီးအဆင့် သစ်တောနှင့် လူထု ဖိုရမ်မှ ထုတ်ပြန်သည့် အချက်များကို ကြည့်ရှုပါ: https://www.iccaconsortium.org/wp-content/uploads/2019/04/Forest-workshop-statement.pdf.

[xii] သစ်တောဥပဒေ အပိုင်း ၈(က)(၁) နှင့် ၁၅ (က) ချိတ်ဆက်မှုအရ။

[xiii] ကြိုးဝိုင်းနှင့် ကြိုးဝိုင်းပြင်ပတော သတ်မှတ်ခြင်း ဆိုရာ ပုဒ်မများကို သစ်တော ဥပဒေ အခန်း (၃) နှင့် နည်းဥပဒေကြမ်း အခန်း (၂)၊ အပိုင်း ၃-၁၂ တွင် ကြိုးဝိုင်းတော နှင့် အပိုင်း ၁၄-၁၈ အတွက် ကြိုးဝိုင်းပြင်ပတော အတွက် ဖော်ပြထားသည်။

[xiv] အမျိုးသားမြေအသုံးချမှု မူဝါဒ အပိုင်း (၃) အခန်း (၁)။

[xv] သစ်တောနည်းဥပဒေကြမ်း၏ အပိုင်းများ အတွက် ပိုမိုအသေးစိတ်သော အကြံပြုချက်များမှာ အောက်ပါအတိုင်းဖြစ်သည်။ နည်းဥပဒေ ၉(က)(၄) - ဒေသခံများ FPIC ရရှိရေး ကို လိုအပ်ချက်အဖြစ် သတ်မှတ်ပါ။ ကြိုးဝိုင်းပြင်ပတောများအတွက် နည်းဥပဒေ ၁၄(ဆ)(၃) အတိုင်း ထပ်မံဖြည့်စွက်ပါ၊ နည်းဥပဒေ ၇ နှင့် ၁၄ အရ ကြိုတင် ဆန်းစစ်လေ့လာသည့် အဖွဲ့တွင် လွှတ်တော်အမတ် တစ်ဦးကို ဦးဆောင်သူအဖြစ် သတ်မှတ်ပါ။ မြေသိမ်းဥပဒေကို နည်းဥပဒေ ၈ နှင့် ၁၅ တွင် ဖော်ပြထားခြင်းကို ပြင်ဆင်ပါ (အများပြည်သူ အကျိုးအတွက် မြေယာသိမ်းစည်းခြင်းနှင့် သင့်လျော်သည့်မူဘောင် မဟုတ်သည့်အတွက် အဆိုပါ ဥပဒေကို ပြင်ဆင်ရန် အတွက် အကြံပြုချက်အများအပြားကို ဆွေးနွေးပွဲများတွင် ရရှိထားသည်။

[xvi] သစ်တောနည်းဥပဒေမူကြမ်း နည်းဥပဒေ (၆)အရ နိုင်ငံတော်မှ မည်သည့် မြေကိုမဆို ကြိုးဝိုင်းနှင့်ကြိုးဝိုင်းပြင်ပတောများအဖြစ်သတ်မှတ်နိုင်ပြီး၊ ထိုသို့သတ်မှတ်ပြီးနောက်တွင် အောက်ပါအချက်များကို လုပ်ဆောင်ခြင်းမှ တားမြစ်နိုင်သည်။ (က) အဆောက်အအုံသစ်များ တည်ဆောက်ခြင်း (ခ) ကျူးကျော်ဝင်ရောက်ခြင်း (ဂ) သစ်ပင်ခုတ်ခြင်း (ဃ) သစ်တောထွက်ပစ္စည်းများထုတ်ယူခြင်း (င) မြေရှင်းလင်းခြင်း (စ) သီးနှံစိုက်ပျိုးခြင်း (သို့) သစ်တောစိုက်ခင်း (ဆ) သဘာဝကို အခြေခံသည့် ခရီးသွားလုပ်ငန်း (ဇ) ဥယျာဉ်များ (သို့) တိရိစ္ဆာန်ရုံများတည်ဆောက်ခြင်း (ဈ) မြေပေါ်မြေအောက် သဘာဝ သံယံဇာတများ ထုတ်ယူခြင်း (ည) စားကျက်မြေအဖြစ် အသုံးပြုခြင်း (ဋ) တောမီးရှို့ခြင်း

[xvii] လက်ရှိ အဓိပ္ပါယ်ဖွင့်ဆိုချက်အရ ရွှေ့ပြောင်းတောင်ယာ ဆိုသည်မှာ သစ်ပင်များကို ခုတ်လှဲ၊ မီးရှို့ပြီး နေရာ တစ်ခုတည်းတွင် အတည်တကျ လုပ်ကိုင်ခြင်းမရှိသည့် စိုက်ပျိုးရေးအလေ့အကျင့်ဟု ဖော်ပြထားသည်။

[xviii] ကြိုးဝိုင်းတော (နည်းဥပဒေ ၁၂(ခ)) (သို့) ကြိုးဝိုင်းပြင်ပတော (နည်းဥပဒေ ၁၈ (ခ)) များကို သတ်မှတ်ပြီးပါက နည်းဥပဒေမူကြမ်း အရ အောက်ပါအတိုင်းဖော်ပြထားသည်။ ခွင့်ပြုထားသည့် အခွင့်အရေးများကို ကြေညာသည့်နေ့မှ (၃)နှစ်အတွင်း အသုံးပြုခြင်းမရှိပါက အဆိုပါ အခွင့်အရေးများကို ပယ်ဖျက်ရမည်။

[xix] နည်းဥပဒေ (၃၂) တွင် ကြိုတင် သတိပေးပြီးနောက် သစ်တောဦးစီးဌါနမှ နေပြည်တော် ကောင်စီ (သို့) ပြည်နယ်၊ တိုင်းအစိုးရ၏ ခွင့်ပြုချက်ဖြင့် သစ်တောမြေအတွင်း ကျရောက်နေသည့် နယ်မြေများ၏ မည်သည့် အစိတ်အပိုင်းများတွင် ရွှေ့ပြောင်းတောင်ယာ စိုက်ပျိုးခြင်းကို မပြုလုပ်နိုင်ကြောင်း သတ်မှတ်နိုင်သည်။

[xx] သစ်တောနည်းဥပဒေ မူကြမ်း ၂၇ (ဂ) ကို ကြည့်ပါ။

[xxi] တားမြစ်အပင်များကို ကာကွယ်ထိန်းသိမ်းရန်အတွက်သာ ထားရှိသင့်ပြီး အချက်အလက်များ နှင့် ဒေသခံများနှင့်ဆွေးနွေးခြင်းများ အပေါ်အခြေခံပြီး၊ တားမြစ်ပင်စာရင်းများ အချိန်အလိုက် ပြင်ဆင်သင့်သည်။

ဤဆွေးနွေးမှုမှတ်စုကို Julia Fogerite မှရေးသားထားပြီး Natalie Y. Campbell မှပြန်လည်တည်းဖြတ်သည်။

ကိုးကားမှု: Fogerite, J. (၂၀၁၉). *သစ်တောဥပဒေရှိဓလေ့ထုံးတမ်းဆိုင်ရာလုပ်ပိုင်ခွင့်အခွင့်အရေးများ (၂၀၁၈) နှင့်မြန်မာနိုင်ငံရှိသစ်တောစည်းမျဉ်းမူကြမ်းများ၊ ဆွေးနွေးချက်မှတ်စုနံပါတ် ၇၊ ဗီယက်ကျင်း - မဲခေါင်ဒေသမြေယာအုပ်ချုပ်မှု။*

ဤဆွေးနွေးချက်ကိုမြန်မာနိုင်ငံရှိဓလေ့ထုံးတမ်းဆိုင်ရာလုပ်ပိုင်ခွင့်အသိအမှတ်ပြုမှုအတွက် MRLG Alliance အဖွဲ့ဝင်များနှင့် ပူးပေါင်း၍ ရေးဆွဲထားသည်။

This work is licensed under a Creative Commons Attribution-NonCommercial-ShareAlike International (CC BY-NC-SA 4.0)

မဲခေါင်ဒေသမြေယာအုပ်ချုပ်မှုစီမံကိန်း (MRLG) သည်မဲခေါင်ဒေသရှိလယ်သမားငယ်များ၏မြေယာပိုင်ဆိုင်မှုလုံခြုံမှုကိုမြှင့်တင်ရန်ရည်ရွယ်ပြီး ၂၀၁၄ ခုနှစ် sinceပြီလမှစ၍ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့်ဗီယက်နမ်တို့တွင်လုပ်ငန်းများဆောင်ရွက်ခဲ့သည်။

MRLG သည်ဆွစ်ဇလန်အစိုးရ၏ဆွစ်ဇာလန်ဖွံ့ဖြိုးရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (SDC) မှတစ်ဆင့်ဂျာမနီအစိုးရနှင့်လူဇင်ဘတ်အစိုးရမှပူးတွဲငွေကြေးထောက်ပံ့သောစီမံကိန်းဖြစ်ပါသည်။

MRLG အကြောင်းပိုမိုသိရှိလိုပါက www.mrlg.org သို့ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

Mekong Region Land Governance

Unit 11, House No. 262, Ban Saphanthong Kang, Sistattanak District, Vientiane Capital, Lao PDR
PO Box 2973, Vientiane Lao PDR 01000
Phone: +856 21 454 807
Email: info@mrlg.org

ငြင်းဆိုမှု
ဤပုံနှိပ်ထုတ်ဝေမှုတွင်ဖော်ပြထားသောအမြင်များ၊ ထင်မြင်ယူဆချက်များနှင့် အဓိပ္ပာယ်ကောက်ယူမှုများသည် စာရေးသူများနှင့် အချက်အလက်ပံ့ပိုးကူညီသူများသာဖြစ်သည်။ ၎င်းတို့အား SDC ၊ Germany နှင့် Luxembourg တို့၏ တရားဝင် (သို့) တရားမဝင် အမြင်များနှင့် ရပ်တည်ချက်များကို ကိုယ်စားပြုသည်ဟုအဓိပ္ပာယ် ကောက်၍ မရသင့်ပါ။

ငွေကြေးထောက်ပံ့သူ

လုပ်ငန်းအကောင်အထည်ဖော်သူ

ထောက်ပံ့သူ